## ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် ၁၃၂၅ အရ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ကရင်အမျိုးသမီးများပိုမိုပူးပေါင်းပါဝင်ရေး

၂၈.၁၁.၂၀၁၂

ပထမဆုံးအကြိမ်ဖြစ်သော ကရင်အမျိုးသမီးများစီမီနာကို နိုဝင်ဘာလ ၂၄ ရက်နေ့မှစတင်ပြီး နိုင်ဝင်ဘာလ ၂၆ရက်နေ့အထိသုံးရက်တာမျှ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ယခု စီမီနာတွင် ကရင်အမျိုးသမီးပေါင်း ၄၀ ကျော်ခန့်တက်ရောက်ခဲ့ကြပြီး ထိုအမျိုးသမီးများမှာ လူမှုရေးလုပ်ငန်းနယ်ပယ် အသီးသီးဖြစ်သည့် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ အရေးပေါ် ကူညီစောင့် ရှောက်ရေး၊ သဘာဝပတ် ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ လူ့အခွင့်အရေးနှင့်အမျိုးသမီးအခွင့်အရေး စသည့်လုပ်ငန်းများမှ ကိုယ်စားလှယ်များဖြစ်သည်။

ယခုစီမီနာတွင် ကမ္ဘာ့ကုလဂ~**မ**ဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် ၁၃၂၅ ဖြစ်သော ငြိမ်းချမ်း ရေးဖြစ်စဉ်တွင် အမျိုးသမီးများပူးပေါင်းပါဝင်မှုကို အဓိကထား ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် ယခုဆွေး နွေးပွဲတွင် လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများ၏ပူးပေါင်းပါဝင်မှု အခန်းကဏ္ဍအခြေအနေများကို သုံးသပ်ခဲ့ကြပြီး နောင်တွင် ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း အမျိုးသမီးများ မည်သို့ ပိုမိုပူးပေါင်း ပါဝင်နိုင် မည်ကိုလည်းဆွေးနွေးခဲ့ကြသည်။

ကော်သူးလေအလုပ်သမားသ**မ**ဂ္ဂအထွေထွေအတွင်းရေးမှူးဖြစ်သည့် နော်ဖောဂေခုက ယခုတွေ့ ဆုံဆွေးနွေးပွဲသည် ပထမဆုံးအကြိမ်ဖြစ်ပြီး ယခုတက်ရောက်လာသော အမျိုးသမီးများသည်လည်း မတူ ကွဲပြားသော ဒေသနှင့်ကဏ္ဍအသီးသီးရှိ လူမှုရေးလုပ်ငန်းမှ တက်ရောက်လာသူများဖြစ်ပြီး ငြိမ်းချမ်းရေး လုပ်ငန်းဖြစ်စဉ်တွင် အမျိုးသမီးများ ပိုမိုပါဝင်လာနိုင်ရန် ဆွေးနွေးခဲ့ကြကြောင်းပြောကြားခဲ့သည်။ ၎င်း အပြင် အမျိုးသမီးအများစုက ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ဆုံးဖြတ်ချက်ချတဲ့နေရာနှင့် ဦးဆောင်မှု အခန်း ကဏ္ဍများမှ ပါဝင်ရန် စိတ်အားထက်သန်မှု ရှိနေကြောင်း တွေ့ရသည်ဟုဆိုသည်။ စိတ်မကောင်းစရာ တစ်ခုမှာ ကျမတို့အမျိုးသမီးများသည် ယခုချိန်ထိတိုင် ခွဲခြားဆက်ဆံခြင်းနှင့်အတူ အမျိုးသမီးများ၏ အသံ နှင့် လုပ်နိုင်ရည်စွမ်းတွေကို အသိအမှတ်မပြုခြင်း အားနည်းလျှက်ရှိနေဆဲပင်ဖြစ်သည်။ သို့ကြောင့် ဤအစီးအဝေးသည် အမျိုးသမီးအများစုက မိမိ၏ခံစားမှုများကို ပူပင်မှု၊ စိုးရိမ်မှု ကင်းစွာထုတ်ဖေါ်သည့် လွတ်လပ်သောနေရာတစ်ခုဖြစ်သည့်အပြင် တစ်ဦးကိုတစ်ဦး အားပေးနိုးဆော်သည့် နေရာတစ်ခုဖြစ်သည် ဟု ကျွန်မခံစားရပါမိသည်။

ဤတွေ့ဆုံဆွေးနွေးပွဲမှရရှိသောရလဒ်မှာ ကရင်အမျိုးသမီးများသည် ငြိမ်းချမ်းရေးဖော်ဆောင်မှုလမ်းစဉ်တွင် လွှက်တွဲပါဝင် လုပ်ကိုင်မည့် " ငြိမ်းချမ်းရေးအတွက် ကရင်အမျိုးသမီးများ" ဟူသော အလုပ်အဖွဲ့ တစ်ဖွဲ့ကိုဖွဲ့ စည်းနိုင်ခဲ့ပါသည်။ ၎င်းအပြင် အမျိုးသမီးများသည် လာမည့်နှစ်တွင် ဆက်လက်ပြီး ဤကဲ့သို့သော တွေ့ဆုံဆွေးနွေးပွဲကို ထပ်မံကျင်း ပသွားမည်ဟု သံဒ္ဓိဋ္ဌာန်ချမှတ်ခဲ့ပါသည်။

ဆက်သွယ်ရန်- နန်းဒါးအဲ့ကလယ် +၆၆ ၈၅ ၇၂၆ ၉၂၉၁